# သင့်ကလေးကို ကာကွယ်ဆေးမထိုးပေးပါက ဘာဖြစ်မလဲ။

## သင့်ကလေးတွင် ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါများဖြစ်ပွားနိုင်သည့်အန္တရာယ် ရှိသည်

အန္တရာယ်များပြီး အသက်သေဆုံးနိုင်သည့် ရောဂါများမှ ကာကွယ်ရန် ကာကွယ်ဆေးများကို တီထွင်ထားခြင်းဖြစ်ပါသည်။ ထိုရောဂါများသည် ခြိမ်းခြောက်မှုအဖြစ် ရှိနေဆဲဖြစ်သည်။ ကာကွယ်ဆေးများသည် ဘေးကင်းပြီး ထိရောက်သော အကာအကွယ်ဖြစ်ပါသည်။

**တုပ်ကွေးရောဂါ သို့မဟုတ် "တုပ်ကွေး" သည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြင်းထန်ရောဂါ တစ်မျိုးဖြစ်ပြီး သေစေနိုင်ပါသည်။** ကျန်းမာသော ကလေးငယ်များနှင့် လမ်းလျှောက်တတ်စ အရွယ် ကလေးများသည် အထူးသဖြင့် တုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများကို ခုခံနိုင်မှုအားနည်းကြပါသည်။ အမေရိကန်ပြည်ထောင်စုရှိ ကလေးငယ်များသည် တုပ်ကွေးရောဂါကြောင့် နှစ်စဉ် သေဆုံးနေကြရပါသည်။

**ကြက်ညှာချောင်းဆိုးခြင်း သို့မဟုတ် "ကြက်ညှာချောင်းဆိုးရောဂါ" သည် မွေးကင်းစ ကလေးများအတွက် အလွန်အန္တရာယ်များသော ရောဂါတစ်မျိုးဖြစ်ပါသည်။** ၎င်းသည် အလွယ်တကူကုသ၍မရဘဲ ရာသက်ပန်ဦးနှောက်ပျက်စီးခြင်း သို့မဟုတ် အသက်သေဆုံးခြင်းအထိ ဖြစ်စေနိုင်ပါသည်။ ကြက်ညှာချောင်းဆိုးခြင်းသည် အသက်တစ်နှစ်အောက် ကလေးငယ်များအတွက် အန္တရာယ်အရှိဆုံးဖြစ်ပါသည်။ ကြက်ညှာချောင်းဆိုးရောဂါရှိသော မွေးကင်းစကလေးအများအပြားအား ဆေးရုံတင်ရပြီး နှစ်စဉ် ကလေးအချို့သေဆုံးကြပါသည်။ 2019 ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုအတွင်း ကြက်ညှာချောင်းဆိုးရောဂါ ဖြစ်ပွားသူ 15,000 ကျော်ရှိကြောင်း ပြည်သူ့ကျန်းမာရေးအရာရှိများထံ အစီရင်ခံတင်ပြခဲ့ပါသည်။ ဤရောဂါသည် အလွန်ကူးစက်နိုင်ပြီး တစ်ခါတစ်ရံ လူကြီးများနှင့် အသက်အရွယ်ကြီးသောကလေးများတွင် မဖျားဘဲ ချောင်းအနည်းငယ်သာ ဆိုးနိုင်သည့်အတွက် ရောဂါရှိမှန်း မသိနိုင်သောကြောင့် ကာကွယ်ဆေးမထိုးထားသော ကလေးငယ်များကို ကြက်ညှာချောင်းဆိုးရောဂါမှ ကာကွယ်ရန် အလွန်ခက်ခဲပါသည်။

**ဝက်သက်ရောဂါသည် သေဆုံးခြင်းအပါအဝင် နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်စေနိုင်သည့် အလွန်ကူးစက်မြန်သော ရောဂါတစ်မျိုးဖြစ်ပါသည်။** ၎င်းသည် နိုင်ငံများစွာတွင် အဖြစ်များနေဆဲဖြစ်ပြီး အပန်းဖြေခရီးမှ ပြန်လာသူများနှင့် နိုင်ငံခြားသားဧည့်သည်များက အမေရိကန်ပြည်ထောင်စုအတွင်းသို့ သယ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ ကာကွယ်ဆေးထိုးနှံမှုကြောင့် 1990 ပြည့်နှစ်များအတွင်း ဝက်သက်ရောဂါဖြစ်ပွားမှု အလျင်အမြန်ကျဆင်းသွားသည်။ မကြာသေးမီက အမေရိကန်ပြည်ထောင်စုနှင့် ပြည်ပနိုင်ငံများရှိ မိဘများအကြားတွင် ကာကွယ်ဆေးထိုးရန် တုံ့ဆိုင်းခြင်းကြောင့် ကာကွယ်ဆေးမထိုးထားသော၊ ဝက်သက်ရောဂါအတွက် အကာအကွယ်မရှိသော ကလေးများနှင့် ဆယ်ကျော်သက်ဦးရေ တိုးပွားလာပါသည်။ ၎င်းသည် အမေရိကန်ပြည်ထောင်စု၊ ကနေဒါနိုင်ငံနှင့် အခြားနိုင်ငံများတွင် ဝက်သက်ရောဂါ ပျံ့နှံ့ဖြစ်ပွားမှုကို ဖြစ်ပေါ်စေခဲ့ပါသည်။

**ရေကျောက်ရောဂါသည် အလွန်ကူးစက်မြန်ပါသည်။** ကာကွယ်ဆေးမပေါ်မီက အမေရိကန်ပြည်ထောင်စုတွင် ရေကျောက်ရောဂါကြောင့် နှစ်စဉ် ခန့်မှန်းခြေ လူ 100 ခန့် သေဆုံးခဲ့ပါသည်။ အများစုသည် ယခင်က ကျန်းမာသူများဖြစ်ကြပါသည်။ အခြားကလေးများသို့ မကူးစက်စေရန်အတွက် ရေကျောက်ရောဂါကူးစက်ခံထားရသော ကလေးများကို တစ်ပတ်နှင့်အထက် နေ့ကလေးထိန်းကျောင်း သို့မဟုတ် ကျောင်းသို့မပို့ဘဲ ထားရပါမည်။

## သင့်ကလေးသည် လူမှုအသိုင်းအဝိုင်းရှိ အခြားသူများကို ရောဂါကူးစက်စေနိုင်ပါသည်

ကာကွယ်ဆေးမထိုးရသေးသော ကလေးများသည် ကျောင်းနှင့် လူမှုအသိုင်းအဝိုင်းအတွင်း ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါများကို ပြန့်ပွားစေနိုင်ပါသည်။

- ကာကွယ်ဆေးမထိုးရသေးသော ကလေးများသည် ကာကွယ်ဆေးအပြည့်အစုံထိုးရန် အလွန်ငယ်သေးသော မွေးကင်းစကလေးများကို ရောဂါကူးစက်စေနိုင်ပါသည်။
- ကာကွယ်ဆေးမထိုးရသေးသောကလေးများသည် ကျန်းမာရေးကြောင့် ကာကွယ်ဆေး ထိုး၍မရသည့် အသက်အရွယ်မရွေး မည်သူ့ကိုမဆို ရောဂါကူးစက်စေနိုင်ပါသည်။ ၎င်းတွင် သွေးကင်ဆာနှင့် အခြားကင်ဆာရောဂါများ၊ ကိုယ်ခံအားစနစ်ပြဿနာရှိသော ကလေးများနှင့် လူကြီးများအပြင် ကိုယ်ခံအားစနစ်ကို အားနည်းစေသော ကုသမှုခံယူနေရသည့် သို့မဟုတ် ဆေးဝါးသောက်သုံးနေရသည့် အသက်အရွယ်မရွေး မည်သူမဆို ပါဝင်ပါသည်။

## သင့်ကလေးကို ကျောင်း သို့မဟုတ် ကလေးထိန်းကျောင်းက ကျောင်းတက်ခွင့်မပေးခြင်း ရှိနိုင်သည်

ရောဂါပျံ့နှံ့ဖြစ်ပွားစဉ်ကာလများအတွင်း ကာကွယ်ဆေးမထိုးရသေးသော ကလေးများကို ၎င်းတို့ကိုယ်တိုင်နှင့် အခြားသူများအား ကာကွယ်ရန် ကျောင်းနှင့် ကလေးထိန်းကျောင်းများတွင် ကျောင်းတက်ခွင့်မပေးခြင်းများ ရှိနိုင်ပါသည်။ ၎င်းသည် ကလေးနှင့် မိဘအတွက် အခက်အခဲဖြစ်စေနိုင်ပါသည်။

## နောက်လုပ်ရမည့်အဆင့်များ...

သင့်ကလေးကို ကာကွယ်ဆေးထိုးပေးရန် ကျွန်ုပ်တို့ အလေးအနက်တိုက်တွန်းအပ်ပါသည်။ ကာကွယ်ဆေးနှင့်ပတ်သက်သည့် သင်၏ပူပန်မှုများကို ယုံကြည်စိတ်ချရသော ကျန်းမာရေးစောင့်ရှောက်မှုပေးသူနှင့် ဆွေးနွေးပါ သို့မဟုတ် ဒေသန္တရ သို့မဟုတ် ပြည်နယ်ကျန်းမာရေးဌာနမှ ကာကွယ်ဆေးထိုးနှံရေး ညှိနှိုင်းရေးမှူးကို ဆက်သွယ်ပါ။ သင်၏ ကာကွယ်ဆေးထိုး မထိုးဆုံးဖြတ်ချက်သည် သင့်ကလေး၏ ကျန်းမာရေးကိုသာမက မိသားစု၊ သင့်ကလေး၏သူငယ်ချင်းများနှင့် သင့်လူမှုအသိုင်းအဝိုင်းကိုပါ အကျိုးသက်ရောက်မှုရှိစေပါသည်။

► **ကာကွယ်ဆေးနှင့်ပတ်သက်သော နောက်ထပ်အချက်အလက်များအတွက် ဤဝက်ဘ်ဆိုဒ်များကို ဝင်ရောက်ကြည့်ရှုပါ-**

**အမေရိကန် ကလေးအထူးကုဆရာဝန်များအဖွဲ့**
https://www.healthychildren. org/english/safety-prevention/immunizations/pages/default. aspx

**ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး စင်တာများ**
www.cdc.gov/vaccines/parents

**သင့်မိသားစုကို ကာကွယ်ဆေးထိုးပေးပါ**
www.vaccinateyourfamily.org

**Immunize.org**
www.immunize.org

**Philadelphia ကလေးဆေးရုံရှိ ကာကွယ်ဆေးပညာပေးစင်တာ**
www.chop.edu/centers-programs/vaccine-education-center

IOWA MEDICAL SOCIETY

Immunize.org

**ကျွမ်းကျင်ပညာရှင်များအတွက်** www.immunize.org / **ပြည်သူများအတွက်** www.vaccineinformation.org

www.immunize.org/catg.d/p4017.pdf
ပစ္စည်း နံပါတ် P4017 (3/8/2023)

PDF ဖိုင်ရယူရန် စကန်ဖတ်ပါ